اَللّٰهُمَّ صَلِّ عَلَىٰ مُحَمَّدٍ وَعَلَىٰ آلِ مُحَمَّدٍ، كَمَا صَلَّيْتَ عَلَىٰ آلِ إِبْرَاهِيمَ، إِنَّكَ حَمِيدٌ مَجِيدٌ. اَللّٰهُمَّ بَارِكْ عَلَىٰ مُحَمَّدٍ وَعَلَىٰ آلِ مُحَمَّدٍ، كَمَا بَارَكْتَ عَلَىٰ آلِ إِبْرَاهِيمَ، إِنَّكَ حَمِيدٌ مَجِيدٌ

[صحيح] [متفق عليه]

"اَلسَّلَامُ عَلَيْكَ أَيُّهَا النَّبِيُّ وَرَحْمَةُ..."

اللَّـــهِ وَبَرَكَـــاتُهُ "ဟူသော တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) အပေါ် စလာမ်မေတ္တာပို့သနည်းကို သိရှိပြီးနောက်မှ ထိုသို့ မေးမြန်းခဲ့ခြင်းဖြစ်သည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ၎င်းတို့အား မိမိအပေါ် ဆွလာသ် (ဒရူးဒ်) ပို့သရမည့် နည်းလမ်းနှင့် ယင်း၏ဆိုလိုရင်းအဓိပ္ပာယ်ကို ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်။ ထိုနည်းလမ်းမှာ - " اَللّٰهُــمَّ صَــلِّ عَلَــىٰ مُحَمَّــدٍ وَّعَلَــىٰ آلِ مُحَمَّــدٍ " ဆိုလိုသည်မှာ - အို အလ္လာဟ်အရှင်မြတ် အထက်ကောင်းကင်ရှိ အပါးတော်မြဲကောင်းကင်တမန်များထံတွင် မုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) နှင့်မုဟမ္မဒ်၏ဆွေမျိုးသားချင်းများအနက် အီမာန်သက်ဝင်ယုံကြည်သူများနှင့် မုဟမ္မဒ်၏သာသနာ့နောက်လိုက်တို့အား ချီးမွမ်းတော်မူပါ။ " كَمَـا صَـلَّيْتَ عَلَـىٰ آلِ إِبْرَاهِيـمَ " ဆိုလိုသည်မှာ - အရှင်မြတ်သည် အိဗ်ရာဟီမ် (အလိုင်းဟိစ္စလာမ်)၏ အိမ်တော်သားများဖြစ်သည့် တမန်တော် အိဗ်ရာဟီးမ်၊ တမန်တော် အစ္စမာအီလ်၊ တမန်တော် အိစ်ဟာက်နှင့် ၎င်းတို့၏ သား၊မြေးများ၊ ၎င်းတို့၏ နောက်လိုက် မုအ်မင်န်များအပေါ် ကျေးဇူးတော်များ ချီးမြှင့်တော်မူခဲ့သည့်အတိုင်း မုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) အပေါ်သို့လည်း ကျေးဇူးတော်များ ချီးမြှင့်တော်မူပါ။ “ إِنَّـكَ حَمِيـدٌ مَجِيـدٌ ” ဆိုလိုသည်မှာ - အရှင်မြတ်သည် အရှင်မြတ်၏ဇာတိတော်၊ ဂုဏ်တော်အပေါင်းနှင့် လုပ်ဆောင်မှုများတွင် ချီးမွမ်းထောမနာခြင်းအပေါင်းကို ခံထိုက်တော်မူသောအရှင်၊ အရှင်မြတ်၏ကြီးကျယ်မှု၊ စိုးမိုးအုပ်ချုပ်မှု၊ ပေးကမ်းချီးမြှင့်မှုတို့တွင် ပြီးပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။ “ اَللّٰهُمَّ بَارِكْ عَلىٰ مُحَمَّدٍ وَعَلىٰ آلِ مُحَمَّدٍ كَمَا بَارَكْتَ عَلىٰ آلِ إِبْرَاهِيمَ " ဆိုလိုသည်မှာ - အို အလ္လာဟ်အရှင်မြတ် တမန်တော် မုဟမ္မဒ်အား ကောင်းချီးမင်္ဂလာ ချီးမြှင့်တော်မူပါ။ ဂုဏ်သိက္ခာကို ချီးမြှင့်ပေးသနားတော်မူပါ။ ထိုဂုဏ်သိက္ခာကို ကြီးကျယ်စေတော်မူပါ၊ တိုးပွား၍ ခိုင်မြဲစေတော်မူပါ။

https://sunnah.global/hadeeth/my/show/5377